# ဘဏ်စာရင်းတစ်ခု ဖွင့်နည်း’

ဧပြီ ၂၀၁၁

သင်သည် ဒုက္ခသည် အဖြစ်အသိအမှတ်ပြုခံထားရလျှင်၄င်း၊ လူသားချင်းစာနာမှု အကာအကွယ် ရထားလျှင်၄င်း၊ ဆင်ခြင်တုံဆုံးဖြတ်ချက်ဖြင့် နေထိုင်ခွင့် (DLR) သို့ မဟုတ် အကန့် အသတ်မရှိ နေထိုင်ခွင့် (ILR) ရထားလျှင်သော်၄င်း သင်သည် စကော့တလန်တွင်၄င်း၊ ယူနိုက်တစ်ကင်းဒမ်း၏ မည့်သည့်နေရာတွင်မဆိုသော်၄င်း ဘဏ်စာရင်း ဖွင့်ပိုင်ခွင့်ရှိသည်။ ဤစာစောင်လေးသည် ဘဏ်စာရင်းဖွင့်ရန် သင်သည် မည့်သည့် စာရွက်စာတမ်းများလိုအပ်သည်၊ မည်သို့ ဘဏ်ငွေစာရင်းဖွင့်လှစ်ရသည်၊ ကျွန်ုပ်တို့ မှ သင့်အား မည်သည့် အကူညီများပေးနိုင်သည် စသည်တို့ ကို ဖေါ်ပြထားပါသည်။

**ဘဏ်စာရင်း ဖွင့်ရန်လိုအပ်ချက်များ**

ဘဏ်အသီးသီးတွင် သီးခြားသတ်မှတ်ထားသည့် လက်ခံနိုင်သည့် သက်သေခံအထောက်အထား စါရွက်စါတမ်းစာရင်းများရှိပြီး အချို့ ဘဏ်များသည် အခြားဘဏ်များထက် အထောက်အထား ပိုမိုပြင်းတတ်သည်။ သာမန်အားဖြင့် သင်သည် ဘဏ်စာရင်းဖွင့်ရန် သင်နှင့်ပတ်သက်သည့် အောက်ဖေါ်ပြပါ အချက်အလက်များကို ထောက်ခံဖေါ်ပြသည့် သက်သေခံစါရွက်စာတမ်းများ ဘဏ်သို့ ပေးရန် လိုအပ်ပေမည်။

- သက်သေခံကပ်ပြား၊
- လူဝင်မှုကြီးကြပ်ရေး အခြေအနေ၊ နှင့်
- နေရပ်လိပ်စာ။

ဘဏ်အများစုသည် သာမန်အားဖြင့် မူရင်းသို့ မဟုတ် ထောက်ခံချက်ပါသည့် မိတ္တူများကိုသာလက်ခံသည် ဆိုသည့်အချက်ကို သတိပြုပါ။

သင်သည် အောက်ပါတို့ ကဲ့သို့ သော မည်သူမည်ဝါဖြစ်သည်ဆိုသည့် **သက်သေခံကပ်ပြား အနည်းဆုံး တခုခုပြရန် လိုအပ်**ပေမည်၊

- သင်၏ လူဝင်မှုကြီးကြပ်ရေးအခြေအနေ (ဒုက္ခသည်၊ လူသားခြင်းစာနာမှု အကာအကွယ်၊ အထူးစဉ်းစားဆင်ခြင်တုံတရားဖြင့် ပေးထားသော နေထိုင်ခွင့်၊ အကန့်
- အသတ်မရှိနေထိုင်ခွင့်စသည် ) ကိုဖေါ်ပြသည့် ပြည်ထဲရေးရုံးမှ ပို့ သည့်စါ နှင့် အလုပ်လုပ်ပိုင်ခွင့်၊ မူရင်း သို့မဟုတ် ပြည်ထဲရေးရုံးမှ မှန်ကန်ကြောင်း ထောက်ခံထားသော မိတ္တူ။
- ပြည်ထဲရေးရုံးမှ သင်မည်သူမည်ဝါဖြစ်ကြောင်း သက်သေခံလက်မှတ်– ပြည်ထဲရေးရုံး၏ စာအမှတ်၊ သင်၏မွေးနေ့ နှင့် သက်တမ်းကုန်ဆုံးသည့်နေ့ တို့ ပါရှိသော စာရွက်စာတမ်း မူရင်း သို့ မဟုတ် ပြည်ထဲရေးရုံးမှ မှန်ကန်ကြောင်း ထောက်ခံပြီးသော မိတ္တူ ။
- သင်၏ အကျိုးခံစားခွင့်များကို အတည်ပြုထားသော ထောက်ပံ့မှုအကျိုးခံစါးခွင့် အကြောင်းကြားစာ

သို့ မဟုတ် လူဝင်မှု ကြီးကြပ်ရေးအခြေအနေစာ _**လိပ်စာမှန်ကန်ကြောင်း ပြရန် အနည်းဆုံး အောက်ပါကဲ့သို့ သောတခုခု လိုအပ်မည်။**

- ပြည်ထဲရေးရုံးမှ ပို့ သည့် သင့် အမည်နာမနှင့် လက်ရှိလိပ်စာ ပါသောစာများ
- သင့် အမည်နာမ နှင့် လက်ရှိလိပ်စာ ပါသော ငွေတောင်းပြေစာများ
- အလုပ်စင်တာ (ဂျော့ဘ်စင်တာ) စသည့် အစိုးရဌာန တခုခုမှ သင့် အမည်နာမနှင့် လိပ်စာ ပါသောစာ သို့ မဟုတ်
- သင့် အမည်နာမ နှင့်လိပ်စာ ပါသော အိမ်ခန်းငှားစာချုပ်

ဘဏ်များသည် ထို့ ထက်ပို၍လည်း မေးတတ်တောင်းတတ်သည်၊ ဥပမာ သင်၏ ဝင်ငွေ သက်သေခံ။

## ဘဏ် စာရင်း ဖွင့်ရန် ဘယ်သို့ သွားရမည်နည်း။

သင်ဘဏ်စာရင်းဖွင့်လိုသည့်ဘဏ်၏ ဘဏ်ခွဲသို့ သွား၍ အထက်တွင် ဖေါ်ပြထားသလို အမည်နာမနှင့်လိပ်စာ ပါသော စာဖရွက်စာတမ်းများကို ပြသပါ။ သင် သွားလိုသည့်ဘဏ်များတွင် Lloyds, TSB နှင့် Barclays တို့ ပါကောင်းပါလိမ့်မည်။ ဘဏ်သို့ တိုက်ရိုက်သွားရောက် ဆွေးနွေးနိုင်ပြီး တယ်လီဖုံးဖြင့်လည်း ဘဏ်စာရင်းဖွင့်ရေးဆွေးနွေးရန် ရက်ချိန်းယူနိုင်ပါသည်။

သင်နေထိုင်ရာဒေသအနီးဌာနခွဲ နှင့်ဆက်သွယ်ရန် အချက်အလက်များကို တယ်လီဖုံးစာအုပ် သို့ မဟုတ် ဘဏ် ဝက်ဘ်စိုက်တွင် ကြည့်ရှု နိုင်ပါသည်။

## ဘဏ်စါရင်းဖွင့်ရန် မည်မျှကြာပါသနည်း

လျှောက်ထားပြီးကြာမည့်အချိန်သည် သင်သွားသည့် ဘဏ်ပေါ် မူတည်ပြီး ကွာခြားသည်။ သို့ သော် လိုအပ်သည့်စာရွက်စာတမ်းများ ပြည့်စုံမှန်ကန်စွာပါသွားလျှင် သာမန်အားဖြင့် ၂ပတ် ၃ပတ်ထက် ပိုမကြာတတ်ပါ။

သင်၏ လျှောက်လွှာအား ဆက်လက်စဉ်းစားရန် သီးခြားအထူးဌာနတခုသို့ ပို့ ရမည်ဆိုလျှင် ဘဏ်စာရင်းဖွင့်ရန် ပိုမိုကြာနိုင်ပါသည်။ သီးခြားဌာနသို့ ပို့ရပြီးမည်ဆိုလျှင် အဘယ်ကြောင့် ပို့ ရန် လိုအပ်သည်ကို ဘဏ်အမှုထမ်းမှ သင့်အား ရှင်းလင်းပြမည်။ သင့်လျှောက်လွှာကို ဆုံးဖြတ်ရန် အချိန် မည်မျှကြာမည်ကို လည်း ပြောပြတတ်ပါသည်။

**အခြေခံဘဏ်ငွေစုစာရင်းရှိပြီဆိုလျှင် မည်သို့ အသုံးချနိုင်သနည်း ။**

အခြေခံ ဘဏ်ငွေစုစါရင်းရှိလျှင် သင်သည် အခြေခံကျသည့် ဘဏ် လုပ်ဆောင်ချက်များ လုပ်နိုင်သည်။ သင်သည် ငွေသွင်းခြင်းနှင့် ငွေပေးချေခြင်းများ ပြုလုပ်နိုင်သည်။

အခြေခံ ဘဏ်ငွေစုစါရင်းရှိလျှင် အောက်ပါတို့ ကို ပြု လုပ်နိုင်သည်

- သင်၏ ဘဏ်ငွေစာရင်းထဲသို့၊ အကျိုးခံစားခွင့်အေဂျင်စီ သို့ မဟုတ် သင်၏အလုပ် စသည့် ပြင်ပနေရာမှ သင့်ထံပေးချေရန်ငွေများ တိုက်ရိုက်ပို့ သွင်းစေခြင်း၊
- အီလက်ထရွန်နစ်နည်းဖြင့် တပါးသူသို့ ပုံမှန်သတ်မှတ်ထားသော အချိန်နှင့် ငွေပမါဏအတိုင်း လွှဲပို့ခြင်း၊ ဝင်းအော့ဖ်ထရန်စဖါခေါ် တကြိမ်တခါ ငွေလွှဲပေးချေခြင်း၊
- 'တိုက်ရိုက်ဒဲဘစ် ' ခေါ် တဖက်မှ တိုက်ရိုက်ငွေထုတ်ယူစနစ်ဖြင့် အခြားသူများအား သင်၏ ငွေစါရင်းမှ ငွေထုတ်ယူခွင့်ပြုခြင်း၊
- ငွေသွင်း ငွေထုတ်စက်များတွင် သင်ငွေထုတ်ယူနိုင်ရန် ငွေထုတ်(ဒဲဘစ်)ကပ် ရရှိမည်။ ဈေးဆိုင်နှင့် အင်တာနက်တို့ မှ ဈေးဝယ်ခြင်း တို ့ပြုလုပ်နိုင်မည်။

**အသုံးပြုမှုများအတွက် အခကြေးငွေပေးရမည်လော ။**

အခြေခံ ငွေကြေးစာရင်းများသည် အများအားဖြင့် အခမဲ့ဖြစ်သည်။ ယူကေရှိ ငွေသွင်းငွေထုတ်စက် အများစုသည် အသုံးပြုခ မပေးရပါ။ သို့ သော် သင်သည် သင့်ဘဏ်စာရင်းမှ တပါးသူအား တိုက်ရိုက်ထုတ်ယူရန် ညွှန်ကြားထားပြီး ပေးရမည့်နေ့ ရောက်ပြီး သင့်စာရင်းတွင် ငွေကြေးမလုံလောက်သဖြင့် ထိုပေးချေမှုသည် ငြင်းပယ်ခြင်းခံရသော် သင်၏ ဘဏ်သည် သင့်ထံမှ အခ ယူကောင်းယူမည်။

**အကယ်၍ ဘဏ်ငွေစာရင်းမဖွင့်နိုင်လျှင် အခြားရွေးချယ်ရန် မည်သည့်နည်းလမ်းရှိပါသနည်း ။**

အကယ်၍ ဘဏ်ငွေစာရင်းမဖွင့်နိုင်လျှင် သင်သည် စာတိုက်ငွေစုကတ်စာရင်း ဖွင့်လှစ်ရန် လျှောက်နိုင်သည်။

ထောက်ပံ့ကြေးခံစားခွင့်၊ နိုင်ငံမှ(အစိုးရ)ပင်စင်၊ အခွန်လျှော့ပေါ့မှုခံစားခွင့်ပေးငွေ ရရှိနေပြီး ဘဏ်ငွေစုစာရင်းမဖွင့်လှစ်နိုင်သည့် သူများအတွက် စီစဉ်ထားသည့် အလွန်ရိုးစင်း သည့် ငွေစုစာရင်းဖြစ်သည်။ သို့ သော် ဤငွေစုစာရင်းသို့ အိမ်ခန်းထောက်ပံ့ခံစားခွင့်ငွေ၊ လုပ်ငန်းခွင့်ပင်စင်၊ သင့်အလုပ်မှ လုပ်ခများ၊ စသည့် အခြားမည်သည့် ငွေပေးချေမှုမျိုးမှ မပေးသွင်းနိုင်ပေ။ သင်သည်လည်း ဤစာရင်းသို့ ငွေ မထည့်သွင်းနိုင်ပေ။

အကယ်၍ သင်သည် ထောက်ပံ့ကြေးရနေလျှင် သင်၏ အလုပ်စင်တာ သို့ စာတိုက်ငွေစာရင်းဖွင့်နိုင်ရန်

အလို့ငှာ သင့်အား ဖိတ်ခေါ်စာပေးရန် တောင်းဆိုပါ။ စာတိုက်ငွေစုကတ်စာရင်း ဖွင့်ရန် ဖိတ်ခေါ်စာနှင့် လူဝင်မှုကြီးကြပ်ရေးရုံး အသိအမတ်ပြု စာရွက်စာတမ်းကို သင်နေထိုင်ရာဒေသရှိစာတိုက်သို့ ယူသွားပါ။

စာတိုက်ငွေစုကတ်စာရင်းကြောင့် သင်သည် မည်သည့် စာတိုက်တွင်မဆို သူတို့ ပေးထားသည့် **ဒဲဘစ်** ငွေထုတ်ကပ်ပြားဖြင့် အခမဲ့ ငွေထုတ်နိုင်ပါသည်။

Scottish Refugee Council, 5 Cadogan Square, (170 Blythswood Court), Glasgow G2 7PH Tel: 0141 248 9799, Fax: 0141 243 2499,
www.scottishrefugeecouncil.org.uk
Scottish Refugee Council is a charity registered in Scotland.
Registered Charity: SC008639

**နေရပ်လိပ်စာပြောင်းခဲ့သော်**

ဘဏ်စာရင်းဖွင့်ပြီးနောက် သင့်သည် လိပ်စာပြောင်းလခဲ့လျှင် ဘဏ်သို့ စာဖြင့် အမြန်ဆုံး အကြောင်းကြားပါ။

**စကော့တလန် ဒုက္ခသည်များကောင်စီသည် ကျွန်ုပ်အား မည်သို့ ကူညီနိုင်သနည်း။**

သင်သည် ဘဏ်စာရင်းဖွင့်ရန် လျှောက်ထားသော်လည်း ဖွင့်ရန် မအောင်မြင်လျှင် ကျွန်ုပ်တို့အား အကြံတောင်းရန် ဖုံးဆက်နိုင်ပါသည်။ ကျွန်ုပ်တို့၏ အခမဲ့ဖုံး – ၀၈၀၀ ၀၈၅ ၆၀၈၇သို့ ဆက်ပါ။ ဤလိုင်းသည် မြေလိုင်း (အိမ်ဖုံး) မှ ဆက်လျှင်သာ အခမဲ့ဖြစ်သည်။

ထိုတွင် ကျွန်ုပ်တို့သည် သင့်အတွက် မည်သို့ ဆောင်ရွက်နိုင်သည်ကို ဆွေးနွေးရန် ဘဏ်နှင့် ရက်ချိန်းယူနိုင်မည်။ သင်နှင့်အတူဘဏ်သို့ ၍ သင့်အားပံ့ပိုးနိုင်မည်။ သင်ကိုယ်တိုင်ဘဏ်စာရင်း ကြိုးစားဖွင့်ခဲ့သော်လည်း မအောင်မြင်မှသာလျှင် ဤအကူအညီမျိုးကို ကျွန်ုပ်တို့ ပေးနိုင်မည်။

**ငွေရေးကြေးရေးထိန်းသိမ်းမှု လက်တွေ့ အခမဲ့ သင်တန်းတက်ရောက်ပါ**

ဘဏ်ငွေစာရင်း၊ ငွေထိန်းသိမ်းနည်း၊ သို့မဟုတ် ချေးငှားခြင်းအပြင် ကိုယ်ပိုင်လုပ်ငန်းစတင်ရန် ကနဦးချေလှမ်း တို့ကို သင်ကြားလေ့လာလိုလျှင် ကျွန်ုပ်တို့၏ ငွေရေးကြေးရေးဆိုင်ရာ တတ်ကျွမ်းမှုအစီအစဉ် လက်တွေ့ ဝပ်ရှော့များသည် ကောင်းသောအခြေခံများဖြစ်သည်။

ပိုမိုသိလိုလျှင် carolanne.nehme@scottishrefugeecouncil.org.uk

ထံ အီးမေးလ်ပို့ပါ။ ဖုံး – ၀၁၄၁ ၂၂၃ ၇၉၇၁ လက်ကိုင်ဖုံး – ၀၇၇၃၄ ၀၃၀၇၆၁